

သိန်းမင်းစာပေ
လုံးချင်းဝတ္ထုသစ်
စွဲမက်ညှိ
သူစိမ်းတို့ရဲ့အလယ်

# Final

# စွဲမက်သျှင်

# "သူစိမ်းတို့ရဲ့အလယ်"

## အပိုင်း (၁)

## အခန်း (၁)

စော်ဘွားကြီးကုန်း အဝေးပြေးကားဂိတ်မှ ရွှေနတ်တောင်ဟု အမည်ပေးထားသည့် ရန်ကုန်-ဘားအံခရီးသည်တင် ဘတ်စ်ကားကြီး စတင်ထွက်ခွာသည့် အချိန်က ညခုနစ်နာရီ လေးဆယ့်ငါးမိနစ် တိတိတွင် ဖြစ်သည်။

အဖော်မပါဘဲ ဒေသစိမ်းတစ်ခုသို့ သွားရမည့်အတွက် စိုးရိမ်သောကများ၊ ထိတ်လန့်မှုများ ရင်ထဲတွင် ရှိနေပေမဲ့ ရွှေရည်လူးက ထိုအရာများကို လူမမြင်အောင် ကြိုးစားဖုံးဖိထားမိသည်။

ဘာပဲဖြစ်ဖြစ် ဘယ်လောက်ပဲ ကြောက်နေနေ ဟန်ကိုယ့်ဖို့ ဖြစ်ရပါလိမ့်မည်။

ကားထွက်ပြီဆိုတာနှင့် ကားရှေ့ပိုင်းတွင် ထားသည့် တီဗွီဖြင့် မြန်မာဗီဒီယိုကား တစ်ကားကို စပြသည်။

သူမထိုင်သည့်နေရာက ဒရိုင်ဘာနှင့်ယှဉ်လျက် ကားရှေ့ဆုံးခုံမှာမို့ တီဗွီကို ကြည့်လို့မရပါ။ အဲဒီအတွက် ဘာပြဿနာမှ မရှိပေမဲ့ အရှေ့ဆုံးမှာ ထိုင်ပြီး ကားရှေ့မြင်ကွင်း တစ်ခုလုံးကို အကာအကွယ်မရှိ မြင်နေရတာကတော့ အတော် ဆိုးဝါးပါသည်။

တကယ်ဆို သည်ထိုင်ခုံတွင် လုံးဝမထိုင်ချင်။ ဒါပေမဲ့ ရွှေရည်လူးအနေနှင့် ချေးများနေလို့ မဖြစ်။ သည်ခုံ တစ်နေရာစာတောင် သူများ မလိုက်ဖြစ်လို့ သူမ လိုက်လာခဲ့ရခြင်း ဖြစ်သည်။

အကယ်၍ ဒီနေ့ ကားလက်မှတ် ဝယ်မရလို့ ဘားအံကို မသွားဖြစ်ဘူးဆို လျှင် သူမအတွက် ဒုက္ခ အတော်ရောက်ရမှာ သေချာသည်။ ဘာဖြစ်လို့လဲဆို တော့ ဒီနေ့ပဲ သူမတို့ သားအမိပိုင် အိမ်ကလေးကို ရောင်းချ၍ အကြွေးဆပ် ခဲ့သည့်အတွက် ရွှေရည်လူးမှာ ပြန်စရာအိမ် မရှိတော့ပါ။

"ညီမလေး ... ရေဘူး ... ရော့"

"ဩော် ... ကျေးဇူးပဲနော်"

လှမ်းပေးသည့် သောက်ရေသန့်ဘူးကို ယူပြီး ရွှေရည်လူးက အလိုက်သင့် ပြုံးပြလိုက်ရသည်။

"သမီး ဘာဖြစ်လို့ ကားလက်မှတ်ကြိုတင်မဝယ် ထားတာလဲ"

ဒရိုင်ဘာဦးလေးကြီးက ရင်းရင်းနှီးနှီးမေးသည်။

သူမက လက်မှတ်ဝယ်မရလို့ ဟိုပြေးဒီပြေး ဖြစ်နေတာကို ဒရိုင်ဘာ ဦးလေးကြီး သတိထားမိလို့ပဲ ဖြစ်လိမ့်မည်။

"ဟုတ်တယ် ဦးလေးရယ်၊ သွားဖို့ မသွားဖို့ စဉ်းစားရင်းနဲ့ လက်မှတ်ကြိုမ ဝယ်ဖြစ်ဘဲ ထထွက်လာမိတာ"

"ခါတိုင်း လက်မှတ် ဒီလောက်မကျပ်ပါဘူး သမီးရယ်၊ အခုရက်ပိုင်းမှ လက်မှတ်ကြိုဝယ်နေရတာပါ"

"ဟုတ်ကဲ့ ... ကျွန်မက ဒီခရီးကို မသွားလာဖူးတော့ သိပ်မသိပါဘူး"

"ဩော် ဘားအံကို တစ်ခါမှ မရောက်ဖူးဘူးလား"

"ဟုတ်ကဲ့ ... ဒါပထမဦးဆုံး ခရီးပါရှင့်"

"ဩော်"

ဦးလေးကြီးက ကားမောင်းနေသည့်အတွက် စကားစပြတ်သွားသည်။ ကားမှန်တွေ အလုံပိတ်ပြီး အဲယားကွန်း ဖွင့်ပေးထားသည့် အတွက်ရယ်၊ ဆိုဖာထိုင်ခုံ ထူထူများရယ်ကြောင့် နေရတာ သက်သောင့်သက်သာ ရှိလှသည်။ ဒါပေမဲ့ အပြင်ပန်းကသာ နေလို့ ကောင်းနေသည်။ ရွှေရည်လူး ရင်ထဲမှာတော့ ဆောက်တည်ရာမဲ့ခြင်းများ၊ ဝမ်းနည်း ပူဆွေးခြင်းများ၊ သောကများက အကင်း မသေနိုင်သေးဘဲ နှလုံးသားကို နာကျင်အောင် ထိုးနှက် ရိုက်ပုတ်နေဆဲပဲရှိသေးသည်။

"သမီးက ဘားအံကို အလည်အပတ်သွားမှာလားကွဲ့"

"ရှင်"

"ဩော် ... ဘားအံ့ကို အလည်သွားမှာ လားလို့ မေးတာပါ"

"ဟုတ်ကဲ့"

အလွယ်တကူ ဟုတ်ကဲ့ လုပ်လိုက်ရပေမဲ့ အမှန်တကယ်တော့ ဘားအံမြို့ကို သူမ အလည်အပတ် သွားရခြင်း မဟုတ်ပါ။ ဘယ်တုန်းကမှ မမြင်ဖူးခဲ့ရသည့် ဖခင်နှင့် အတူနေရန်အတွက် သွားရခြင်း ဖြစ်သည်။

သူမကို စာရေးပြီး လှမ်းခေါ်သည်။ သူမ၏ အဖေဆိုတာ ဘယ်လိုပုံစံလဲ၊ ဘယ်အရွယ်လဲ၊ ဘယ်လို လူတန်းစားထဲကလဲ၊ ဘာတစ်ခုကိုမှ မသိပါဘဲ အားကိုးတကြီး လိုက်လာခဲ့မိသည့် အဖြစ်က စွန့်စားရာကျမှာ သေချာသော်လည်း ရွှေရည်လူးဆီမှာ ရွေးချယ်စရာ နည်းလမ်း နောက်တစ်ခု မရှိတော့သလို အားကိုးအားထား ပြုစရာလည်း တစ်ယောက်မှမရှိတော့ပါ။

သူမဘဝ၏ တစ်ဦးတည်းသော အားကိုးစရာ အမေကလည်း သူမကို ထားခဲ့၍ ဘဝသံသရာ ခရီးထဲသို့ လွင့်မျောထွက်ခွာ သွားခဲ့လေပြီ။ ခြံကျဉ်း

ကျဉ်း၊ အိမ်သေးသေး စုတ်စုတ်လေး တစ်လုံးနှင့် ရွှေရည်လူးကို အမေထား ရစ်ခဲ့သည်မှာ ဆယ့်ငါးရက်လောက်ပင် ရှိသေးသည်။

အတွေးထဲ၌ နစ်မျောရင်း ရှေ့တည့်တည့်ကို ငေးကြည့်နေဆဲ သူမမြင်နေရသည်ကား ရှေ့မြင်ကွင်းထဲသို့ အဖြူရိပ်တစ်ရိပ် ကျလာသည်ကို အလန့်တကြား တွေ့လိုက်ရသည်။

"အောင်မယ်လေး၊ တိုက်လိုက်ပြီ"

"ကျွီ"

ရွှေရည်လူးက ငယ်သံပါအောင် အော်လိုက်သည်နှင့် တစ်ပြိုင်နက်တည်းမှာပင် ဘတ်စ်ကားကြီး ကလည်း ကျွီခနဲ ဘရိတ်ဖမ်းသံနှင့် အတူ ထိုးရပ်သွားသည်။

ရွှေရည်လူးကတော့ ကားရှေ့ကို လုံးဝမကြည့်ရဲ။

"ဘာဖြစ်တာလဲ"

"ဘာဖြစ်လို့လဲဟင်"

"ဘာကို တိုက်မိလို့လဲ၊ တိုက်မိတဲ့အသံလဲ မကြားပါဘူး"

ခရီးသည်များ၏ တစ်ယောက်တစ်ခွန်း မေးကြပြောကြသည့် စကားသံများ စီစီညံသွားသည်။

ရွှေရည်လူးကတော့ တဆတ်ဆတ်တုန်ပြီး မျက်စိ ဖွင့်မကြည့် ရဲသေး။

"ဟဲ့ ကလေးမ မျက်စိဖွင့်ကြည့်ဦးလေ၊ ဘာကို တိုက်မိလို့လဲ၊ ကားရှေ့ကို ပလတ်စတစ်အိတ် တစ်လုံး လွင့်လာတာပါ"

ဒရိုင်ဘာဦးလေးကြီး၏ အသံကိုကြားတော့မှ ရွှေရည်လူးက မရဲတရဲ မျက်လုံး ဖွင့်ကြည့်မိသည်။ ကားရှေ့မီးရောင်တွင် ခရီးသည် ယောက်ျား တချို့ ရှိနေသည်။ အမှန်ပင် ဘာကိုမှ တိုက်မိမထား။

"ကဲ ကဲ အားလုံးပဲ ကားပေါ် ပြန်တက်ကြပါတော့ဗျာ၊ ခရီးဖင့်တယ်၊ ကားက အချိန်နဲ့ ချိန်ကိုက်ပြီး မောင်းရမှာ"

ပွစိ ပွစိ စကားသံများနှင့် ကားပေါ်သို့ အောက်ဆင်းနေကြသူများ ပြန်တက်လာသည်။ ရင်တုန်တာ မပြေသေးသည့်ကြားထဲမှ ရွှေရည်လူးက ခရီးသည်တွေကိုရော ဒရိုင်ဘာဦးလေးကြီးကိုပါ အားနာနေသည်။ ဒါပေမဲ့ စောစောက လန့်ထားသည့် အရှိန်နှင့် ဘာစကားမှ မပြောနိုင်သေးဘဲ ဖြစ်နေသည်။

"ညီမလေး လန့်သွားတယ်နဲ့ တူတယ် ... ရေသောက်လိုက်ပါလား"

"ဟုတ် ဟုတ်ကဲ့"

ရေသန့်ဘူးကို မော့သောက်တော့ လက်တွေ တုန်နေသည့်အတွက် ရေတွေပါ ဖိတ်ကျကုန်သည်။

အဲဒီတော့မှ ဒရိုင်ဘာဦးလေးကြီးက ကားမောင်းနေရာမှ ကရုဏာစကားပြောလာသည်။

"ကားမောင်းတဲ့ အရှိန်နဲ့ ပလတ်စတစ်တို့ စက္ကူတို့ ကားရှေ့မီးရောင်ထဲမှာ ဖျတ်ခနဲ ပေါ်လာရင် တစ်ခုခုကို ဝင်တိုက်တော့မယ်လို့ ထင်ရတာပဲ ဒါမျိုးက ဖြစ်တတ်ပါတယ်"

"ကျွန်မကြောင့် အထိတ်တလန့်တွေ ဖြစ်ကုန်ကြတဲ့အတွက် တောင်းပန်ပါတယ်၊ ဦးလေးရယ် ကျွန်မမျက်စိရှေ့မှာတင် ကျွန်မ ကျွန်မရဲ့ အမေ ကားတိုက်ခံရပြီး ဆုံးသွားတာ လမကူးသေးတဲ့ အတွက် ရုတ်တရက် တအားလန့်ပြီး အော်မိသွားတာပါ ခွင့်လွှတ်ပါနော်"

"ဩော်"

စိတ်ထိခိုက်သွားရသည့် ဒရိုင်ဘာဦးလေးကြီးထံမှ နောက် ထပ်မေးခွန်း

တွေ ရောက်မလာ သေးခင်မှာပင် ရွှေရည်လူးက ထိုင်ခုံနောက်မှီကို မှီ၍ မျက်လုံးကို တင်းတင်း မှိတ်ထားလိုက်သည်။ နောက်ထပ်စကားတွေ ထပ်ပြောလို့မရအောင် သူမ ပင်ပန်းလွန်းလှပြီ။

အမေ အမေရေ ...

စိတ်ထဲမှနေ၍ အမေ့ကို တမ်းတခေါ်နေရင်း သူမအနားသို့ အမေ ရောက်လာသလို ခံစားမှုမျိုးကို ခံစားရသည်။ တင်းမာပြတ်သားသည့် နှုတ်ခမ်းပါးပါး မာနများနှင့် တောက်ပနေသည့် မျက်ဝန်းများ မဟုတ်မခံ စိတ်ဖြင့် ကော့မတ်နေသည့် အမေ့ပခုံးနှစ်ဖက် စသည်တို့ကို အနီးကပ်မြင် ရသလို ခံစားရသည်။

"အမေရေ အခု ရွှေရည်သွားနေတာဟာ အမေကိုယ်တိုင် တစ်ခါမှ ပြောမ ပြခဲ့တဲ့ ရွှေရည့် အဖေဆီကိုပါလို့သာ အမေသိရင် ခွင့်ပြုမှာလား၊ တားဖြစ် မှာလား စိတ်ချမှာလား ဒါမှမဟုတ် ပိုပြီး နောက်ဆံတင်းနေမှာလား သိချင် စမ်းပါဘိ အမေရယ်"

စီးကျလာသည့် မျက်ရည်များကို ဘယ်သူမှ မမြင်နိုင်အောင် ရွှေရည်လူး က ကားအပြင်ဘက်သို့ မျက်နှာမူထားလိုက်သည်။

တကယ်ဆို အသက်နှစ်ဆယ်ကျော် သမီးလေးတစ်ယောက်ကို လောက အလယ်မှာ အကြွေးတွေ တစ်ပုံတစ်ပင်နဲ့ ထားခဲ့လိုတဲ့ဆန္ဒ အမေ့ဆီမှာ ရှိ မှာမဟုတ်ပါဘူး၊ ကံတရားက ဖန်တီးလိုက်လို့သာ အမေ ရွှေရည်ကို ကျောခိုင်း ထွက်သွားရတာပါ။

ရှိုက်သံကို အပြင်မထွက်အောင် ထိန်းချုပ်ပြီး အမေဆုံးလို့ ရက်လည် ဆွမ်းသွတ်အပြီး နောက်တစ်နေ့ နေ့လယ်တွင် သူမထံ ရောက်လာသည့် စာ တစ်စောင် အကြောင်းကို ပြန်တွေးရင်း ပိုက်ဆံအိတ်ထဲမှ ထိုစာကို ရှိမရှိ စိုးရိမ်တကြီး စမ်းကြည့်ရပြန်သည်။

သမီး အမေဆုံးသွားတဲ့အတွက် စိတ်မကောင်းပါဘူး …. .

ဒီစာကို ရရချင်း သမီးအဖေ့ဆီကို ရောက်အောင်လာခဲ့ပါ။

အဖေကိုယ်တိုင် လာမခေါ်နိုင်တာကို နားလည်ပေးပါ။

အဖေ

ဆိုသည့် စာတိုက်လေးကို ဖတ်ပြီး သူမအနေဖြင့် မယုံနိုင်အောင် ဖြစ်ရသည်။

အမေပြောတော့ အဖေက သူမကိုမွေးပြီး သုံးလေးရက်မှာ ပင် သေဆုံးသွားပြီတဲ့။

အခု အဖေဆိုတာ ပြန်ပေါ်လာသည်။

ရွှေရည်လူး ဘယ်သူ့ကို ယုံကြည်ရမလဲ။

အဖေသေပြီလို့ အနှစ် နှစ်ဆယ်လုံးလုံး ပြောနေခဲ့သည်။ အမေ့စကားကို ယုံရမှာလား ဒါမှမဟုတ် လက်ထဲကို ရောက်ရှိလာသည့် စာတစ်စောင်ရယ် စာနှင့်အတူတူ ပါလာသည့် အမေနှင့်အဖေတို့၏ လက်ထပ်စာချုပ် ဝါကြင့်ကြင့်ကလေးရယ်ကိုပဲ ယုံကြည်ပစ်ရမှာလား။

ဘယ်လိုမှ မဝေခွဲတတ် မေးမြန်းသက်သေ ထူစရာလည်း လူမရှိ။ အဲဒီအချိန်အထိ ဘယ်တုန်းကမှ မသိခဲ့မမြင်ခဲ့ဖူးခဲ့သည့် အဖေ့ထံ သွားဖို့ စိတ်ကူး ရွှေရည်လူးတွင် မရှိခဲ့ပါ။ အမေ ထားရစ်ခဲ့သည့် အိမ်ကလေးမှာပင် ကိုယ့်ဘဝကိုယ် ကျောင်းပြီး နေတော့မည်ဟု ဆုံးဖြတ်ခဲ့သည်။

ဒါပေမဲ့ ထိုဆုံးဖြတ်ချက်ကို အကြွေးရှင်များက ပြောင်းလဲပြုပြင် ပစ်လိုက်ကြသည်။ အမေက အိမ်ကို ပေါင်ထားခဲ့သတဲ့။ အရင်းရော အတိုးရော ပေါင်းလိုက်လျှင် အိမ်ကလေး၏ ကာလတန်ဖိုးကိုပင် ကျော်လွန်နေပြီတဲ့။

မတတ်နိုင်သည့်အဆုံး ရွှေရည်လူးက အိမ်ကို ထိုးအပ်လိုက်ရတော့သည်။

နေစရာတောင် မရှိမှတော့ ကိုယ့်ဘဝကိုယ် ထိန်းကျောင်းဖို့ အင်အားများပါ ယုတ်လျော့ကုန်သည်။ သူငယ်ချင်းတွေနှင့် အိမ်နီးနားချင်းတွေက ကူညီကြမည် ဆိုပေမဲ့ ရွှေရည်လူးက ကိုယ့်အပူ သူများကို မပေးချင်။ ထို့ကြောင့် သတ္တိမွေးပြီး တစ်ခါမှ မမြင်ဖူးသည့် အဖေ့ထံသို့ လာခဲ့ခြင်းဖြစ်သည်။

အဖေနှင့်ပတ်သက်၍ သူမထံတွင် စာကလေးတစ်စောင် လက်ထပ်စာချုပ်အဟောင်းလေး တစ်ခုနှင့် လိပ်စာတစ်ခုမှလွဲ၍ ဘာမှ အဖေ ဘယ်လိုပုံစံရှိမှန်းလဲ ရွှေရည်လူးမသိ။ အဖေ ဆင်းရဲသလား ... ချမ်းသာသလား ... ဒါကိုလဲ ရွှေရည်လူးမသိ။ အဖေနှင့်အတူတူ ဘယ်သူတွေရှိသလဲ။ အဖေ့ဆီမှာ မိသားစုဆိုတာရှိလား ... ရှိရင် အဲဒီမိသားစုဝင်တွေက ရွှေရည်လူးကို ဘယ်လိုကြိုဆိုမှာလဲ အဲဒါကိုလဲ မခန့်မှန်းတတ်။

ဒါပေမဲ့ ရွှေရည်လူးကတော့ အဖေရှိရာအရပ်ကို ဦးတည်သွားနေရပြီး အဖေ့ကိုတွေ့ဖို့ အားအင်တွေ မွေးဖွားနေရပြီ။

ဘာတွေကြုံတွေ့ရဦးမည်လဲ ... မခန့်မှန်းတတ် ... ဖြစ်ချင်ရာဖြစ် ကြုံချင်ရာသာကြုံ ပြေးတွေ့ရုံပဲရှိတော့သည်ဟု စိတ်ပိုင်းဖြတ်ပြီးသည့် အခါမှာတော့ ပင်ပန်းလွန်းခဲ့သည့် ရွှေရည်လူး နှစ်ခြိုက်စွာ အိပ်ပျော်သွားရတော့၏။

***

## အခန်း (၂)

ဖျတ်ခနဲ လန့်နိုးသွားသည့် အချိန်၌ ကားက ရပ်တန့်နေပြီး အလင်းရောင်များကိုလည်း တွေ့ရသည်။ မိုးလင်းတော့မည်။ ဒါပေမဲ့ နေတော့မထွက်သေးပါ။

"ဦးလေး ဘယ်ကို ရောက်ပြီလဲဟင်"

"ဩော် နိုးပြီပေါ့၊ အခု မြိုင်ကလေးကို ရောက်နေပြီ ရှေ့နည်းနည်း ဆက်သွားရင် သံလွင်တံတားကို ဖြတ်ရတော့မယ် ပြီးရင် ဘားအံမြို့ထဲရောက်ပြီ"

"ကျွန်မ တော်တော် အိပ်ပျော်သွားတာပဲနော်"

"အေးလေကွာ လမ်းမှာ ကားရပ်တိုင်းလဲ ညည်းမနိုးဘူး တခြားလူတွေ ထမင်း ဆင်းစားကြတော့လဲ တုတ်တုတ်တောင် မလှုပ်ဘူး တကယ်အိပ်နိုင်တယ်"

ရွှေရည်လူးက ရက်ပြုံးပြုံးပြီး ရေအေးအေးကို လက်ကိုက်ပဝါတွင် ဆွတ်ကာ မျက်နှာကို သုတ်ပစ်လိုက်သည်။

ဘာပဲဖြစ်ဖြစ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပစ်လိုက်ရသည့်အတွက် အတော်လေး နေသာထိုင်သာ ရှိသွားတာတော့ သေချာသည်။ တွေ့ကြုံလာရမှာတွေကိုလည်း ရင်ဆိုင်ဖို့ အင်အားရှိလာသလို ခံစားရသည်။

"ကျွန်မ အိပ်ရေးပျက်တာတွေ များလာလို့ပါ"

"ဒါနဲ့ သမီးက ဘားအံ ဘယ်နေရာကို သွားမှာလဲကွဲ့"

ရွှေရည်လူးက အလွတ်ကျက်ထားသည့် လိပ်စာကိုရွတ်ပြ လိုက်သည်။

"ဟို မြတ်တော်ဝင်စံအိမ် ကမ်းနားလမ်းတဲ့ အိမ်နံပါတ်တွေ ဘာတွေတော့ မပါဘူး ဦးလေး ... အဲဒီလိပ်စာကို ရှာလို့ လွယ်ပဲ့မလား ရှင်"

တအံ့တသြ ဖြစ်သွားဟန်ဖြင့် ဒရိုင်ဘာဦးလေးကြီးက သူမကို ကြည့်နေသည်။

"ဦးလေး သိလားဟင်"

သူမက ထပ်မေးလိုက်တော့မှ ဦးလေးကြီးက သတိဝင်လာသည့်ပုံဖြင့် ပြန်ဖြေသည်။

"ဟာ သိတယ် သိတာပေါ့ ... ဘားအံမှာ မြတ်တော်ဝင်ကို လူတိုင်းသိတယ် ရှာရ မခက်ပါဘူး ... အဲဒီခြံကြီးရှေ့မှာ ကားရပ်ပေးမယ် ဟုတ်လား"

"ကျေးဇူးပါပဲ ဦးလေးရယ်"

"မြတ်တော်ဝင်ကို ခုမှ လာတယ်ဆိုတော့ ညည်းက နောက်ကျတာပေါ့"

ဒရိုင်ဘာဦးလေးကြီး ပြောသည့်စကားကို အသေအချာ သဘောမပေါက်ပေမဲ့ နောက်ထပ် စကားတွေ ထပ်ရှည်မနေတော့အောင် ရွှေရည်လူးက အလွယ်တကူပင် "ဟုတ်ကဲ့" ဟုဖြေလိုက်သည်။

အဲဒီအချိန်မှာပင် ရှည်လျားသည့် ဝီစီမှုတ်သံနှင့်အတူ ရပ်နေသည့် ကားတန်းက လှုပ်ရှားလာသည်။

"ဟော သံလွင်တံတားဖွင့်ပြီ"

"ညဘက်မှာ တံတားက ပိတ်ထားတယ်လား"

"ဟုတ်တယ်"

ကားစမောင်းသည့်အတွက် စကားစပြတ်သွားသည်။ ရွှေရည်လူးကတော့ ရောင်နီရင့်ရင့် အောက်တွင် မြင်နေရသည့် မြေပြင်ညီများ ထိုမြေပြင်ညီပေါ်မှ ထိုးထွက်နေသည့် မီးခိုးရောင် ကျောက်တောင်များကို တအံ့တသြ ငေး

ကြည့်မိသည်။

မြေပြန့်ပေါ်တွင် ထိုးထွင်းနေသည့် ကျောက်တောင်ကတုံးများက စိတ်ဝင်စားဖွယ်ရာ အတိ ...

သံလွင်တံတားကြီးကို လှမ်းမြင်ရသည်နှင့် တစ်ပြိုင်နက် ဇွဲကပင် တောင်ကြီးကိုပါ လှမ်းမြင်ရသည် ... ပြီးတော့ များပြားလှသည့် မီးခိုးရောင်ကျောက်တောင်တွေ ဇွဲကပင် တောင်ကြီး၏ တောင်ထွတ်ပိုင်းမှာက မြူခိုးများတဝေဝေ ...

"အို လှလိုက်တဲ့ ရှုခင်းတွေ"

တိုးတိုးလေးရေရွတ်ရင်း ရွှေရည်လူးက သံလွင်မြစ်ကြီးကို လှမ်းကြည့်မိသည့် ရေစီးသန်လှပါသည်ဟု နာမည်ကြီးသည့် သံလွင်မြစ်ကြီးက မြူခိုးများအောက်၌ တည်တည်ငြိမ်ငြိမ်။

သံလွင်တံတားကို ဖြတ်သန်းပြီးသွားတာနှင့် ကျောက်တောင်များအနီးကပ်မြင်ရပြီး နေရောင်နုနုကလည်း ထွက်လာပြီ။

"အဝေးကြီး သွားရဦးမှာလားဟင် ဦးလေး"

"မဝေးတော့ဘူး ခဏမောင်းလိုက်ရင် ဘားအံမြို့ထဲကို ရောက်တော့မှာ"

"ကျွန်မကို မြတ်တော်ဝင်ရှေ့မှာ ချပေးခဲ့ဖို့ မမေ့ ပါနဲ့နော်"

"မမေ့ဘူး မမေ့ဘူး လိုပါသေးတယ်"

"ဟုတ်ကဲ့"

ပတ်ဝန်းကျင်ကို ငေးမောကြည့်ရင်း ဒီနေရာ ဒီအရပ်မှာ တကယ်ပဲ နေထိုင် သွားရတော့မှာလားဟု စဉ်းစားမိသည်။

မြို့တွင်းသို့ ကားဝင်လာလေလေ အဖေနှင့်တွေ့ရမည့်အတွက် ရင်ခုန်လေလေနှင့် ရွှေရည်လူးက တည်တည်ငြိမ်ငြိမ်ပင် နေလို့မရတော့။ ဝမ်းနည်းရ

မလိုလို ဝမ်းပဲသာရတော့မလိုလို ဝေခွဲမရသည့် ခံစားချက်များက ရင်ထဲတွင် အပြည့်အသိပ် ဖြစ်နေသည်။

သူမတောင် တစ်ခါမှ မမြင်ဖူးတဲ့ အဖေက သူမကိုရော မြင်ဖူးမှာတဲ့လား ... အဖေနှင့် ရွှေရည်လူး၏ တွေ့ဆုံပွဲကို ပရိသတ် ဘယ်လောက်များများက စောင့်ကြည့်နေကြမလဲ။ ဘယ်လို အကြည့်မျိုးတွေနဲ့ ကြည့်မှာလဲ လိုလားတဲ့ အကြည့်တွေလား မလိုလားတဲ့ အကြည့်တွေနဲ့လား ...။

အတွေးများကြောင့် ရွှေရည်လူးက ရောက်ရာအရပ်ကနေ လှည့်ပြန်ချင်စိတ်တွေ ရင်ထဲသို့ ရောက်လာသည်။ ဒါပေမဲ့ လှည့်ပြန်လို့ရော ဖြစ်မှာတဲ့လား။

အခုမှ သူမဘဝက ခိုကိုးရာမဲ့ အားကိုးရာမဲ့ဘဝ ဖြစ်သည်။ သူမ၌ သောင်းဂဏန်းတောင် မပြည့်သည့် ငွေကြေး ပိုင်ဆိုင်မှုကလေးပဲ ရှိသည်။

သည်ငွေလေးဟာ အသက်နှစ်ဆယ်ကျော် မိန်းကလေး တစ်ယောက်ရဲ့ ဘဝကို ဘယ်လို အာမခံချက် ပေးနိုင်မှာတဲ့လဲ။

ပြီးတော့ ရွှေရည်လူးက အမေ့လိုသတ္တိမရှိ။ မေမေ့လို စိတ်ဓာတ် ပြင်းထန်ခြင်းမရှိ။

အမှန်အတိုင်း ဝန်ခံရလျှင် သူ တကယ် ကြောက်တတ်ပါသည်။ ထို့ကြောင့် အဖေ့အရိပ်ထဲကို ဖြစ်အောင် ခိုဝင်ရမှာပဲ ဖြစ်တော့မည်။

သူ့မှာ တခြားရွေးချယ်စရာ လမ်းမရှိတော့ပါ။

"ရောက်တော့မယ် ညည်းပစ္စည်းတွေ ကားဗိုက်ထဲ ထည့်လာတာ ပါသေးလား"

ဒရိုင်ဘာ ဦးလေးကြီး၏ အသံကိုကြားရတော့မှ သတိပြန်ဝင်လာပြီး ရွှေရည်လူးက ပတ်ဝန်းကျင်ကို သတိနှင့် ကြည့်ဖြစ်သည်။

သံလွင်မြစ်ကြီးကို အနီးကပ်မြင်နေရပြီ။

ဘတ်စ်ကားကြီး မောင်းနှင်နေသည့် လမ်းမကြီး၏ တစ်ဖက်အခြမ်းတွင် အိမ်များရှိနေပြီး တစ်ဖက်အခြမ်းမှာတော့ သံလွင်မြစ်ကြီး ဖြစ်သည်။ အိမ်များက မြစ်ဘက်သို့ မျက်နှာမူထားကြပြီး ထိုအိမ်များ၏ အနောက်ဘက်တွင်တော့ အိမ်ကြီးအိမ်ကောင်းများနှင့် လှပနေသည့်ရပ်ကွက်တွေ လမ်းတွေရှိနေတာကို ကားပေါ်မှမြင်ရသည်။

"မြတ်တော်ဝင်က ဒီလမ်းမကြီးပေါ်မှာပါပဲ ... ဒါနဲ့ သမီးကို ထွက်ကြိုနေမယ့် သူတွေရှိသလားကွဲ့"

"ဟင့်အင်း မရှိပါဘူး ဦးလေး"

ဦးလေးကြီးက ကွမ်းမြုံ့ရင်းမှ ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

"ဒါပေမဲ့ လူတွေတော့ အများကြီးရှိနေမှာပါ"

"ရှင်"

ဦးလေးကြီး ပြောတာကို နားမလည် ဒါပေမဲ့ စကားစ ပြတ်သွားပြီး ကားကြီးက ညင်သာစွာ ရပ်သွားသည်။

"ကဲ ဒါ မြတ်တော်ဝင်ခြံကြီးပဲ"

"ဟုတ် ဟုတ်ကဲ့"

ခုံညားမှုရယ် ဟောင်းနွမ်းမှုရယ် ပေါင်းစပ်ထားသည့် ကြေးဝါတိုင်ခြံစည်းရိုးများရယ် အုံ့အုံ့ ဆိုင်းဆိုင်း ခြံကြီးရယ်ကို ကြည့်ပြီး ကားပေါ်မှ ဆင်းရမှာကို ဝန်လေး တွန့်ဆုတ်ချင်မိပြန်သည်။

ဒါပေမဲ့ မတတ်နိုင် ခရီးဆုံးကို ရောက်ပြီပဲ။

အဝတ်ထည့်ထားသည့် အိတ်ကိုဆွဲ ပိုက်ဆံအိတ်ကလေးကို လွယ်ပြီး ကားပေါ်မှ ဆင်းလိုက်တာနှင့် ရွှေနတ်တောင်ကားကြီးက ဟွန်းတစ်ချက်

တီး၍ ဆက်ထွက်သွားသည်။ ဒရိုင်ဘာဦးလေးကြီးကိုပင် နှုတ်မဆက်လိုက်ရ ...

သံလွင်မြစ်ဘက်မှ တိုက်ခတ်လာသည့် လေများကြောင့် ရွှေရည်လူး၏ ဆံပင်ရှည်များက ဖရိုဖရဲ။ ခေါင်းစည်းကြိုးလေးနှင့် ပြန်စည်းနှောင်ပြီး ဖွင့်ထားသည့် ခြံတံခါးကြီးကို ရွှေရည်လူးက မော့ကြည့်မိသည် ... ခြံဝင်းထဲသို့ လှမ်းမျှော်ကြည့်တော့ လူတွေ ရှန်းစုရှန်းစု ဖြစ်နေတာကို တွေ့ရသည်။

ခြံဝမှ အထဲကို ချောင်းကြည့်နေဆဲ ကားတစ်စီး ခြံထဲကို ဝင်သွားတာတွေ့ရသည်။

နောက်ပြန်ထွက်လာသည့် ကားနှစ်စီးကိုလည်း တွေ့ရသည်။

ဘာတွေများ လုပ်နေတာပါလိမ့်ဟု တွေးရင်း ရှိသမျှ အားအင်ကို စုစည်းကာ သူမက ခြံဝင်းထဲသို့ ခြေလှမ်း စတင်မိသည်။

ခြံထဲသို့ အတော်ကလေး ဝင်မိတော့မှ တောင်ကုန်းထက်တွင် ထီးတည်းကြီးရှိနေသည့် အိမ်ကြီးကို လှမ်းမြင်ရသည်။ ပြီးတော့ ရပ်ထားသည့် ကားအချို့နှင့် အိမ်ကြီးထဲသို့ ဝင်ထွက် သွားလာနေသည့် လူတွေကိုလည်း မြင်ရသည်။ ထူးဆန်းတာကတော့ လူတွေ သွားလာနေပေမဲ့ တိတ်ဆိတ်နေခြင်းပင်ဖြစ်သည်။

အဲဒီအခါမှာတော့ ရွှေရည်လူး၏ စိတ်များ မသိုးမသန့်ဖြစ်လာသည်။

"ညီမလေးက အသုဘကို လာတဲ့ ဧည့်သည်လား"

နောက်နားမှ ကပ်ထွက်လာသည့် အသံကြောင့် ဆတ်ခနဲ တုန်သွားပြီး ရွှေရည်လူးက လှည့်ကြည့်လိုက်တော့ ရိုးသားအေးဆေးပုံရသည့် အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။ ဝတ်ပုံစားပုံကို အကဲခတ်ပြီး ရွှေရည်လူးက အလုပ်သမား တစ်ယောက်ပဲ ဖြစ်လိမ့်မည်ဟု ခန့်မှန်းမိသည်။

"အသုဘ ဟုတ်လား"

"ဟုတ်ပါတယ်"

"ကျွန်မက အသုဘကိုလာတဲ့ ဧည့်သည် မဟုတ်ပါဘူးရှင် ကျွန်မ ဦးမြတ်ကောင်းနဲ့ တွေ့ချင်လို့ ရန်ကုန်ကနေ လာခဲ့ရတာပါ ကျွန်မကို ဦးမြတ်ကောင်းဆီ ခေါ်သွားပေးပါနော်"

ရွှေရည်လူး ပြောလိုက်သည့် စကားဆုံးသွားတာနှင့် အမျိုးသမီး၏ မျက်နှာက သွေးဆုတ် ဖြူရော်သွားသည်။ ပြီးတော့ စကားတော်တော်နှင့် မပြောနိုင်ဘဲ မျက်လုံးအပြူးသား ပါးစပ်အဟောင်းသားနှင့် ရွှေရည်ကိုကြည့်နေသည်။

"လုပ်ပါရှင် ကျွန်မကို ဦးမြတ်ကောင်းဆီ ခေါ်သွားပေးပါ"

"ဟို ... ဟို ... မရှိ မရှိ သခင်ကြီးမ မရှိ ... သ ... သခင်မကြီးပဲရှိ ... ရှိပါတယ်"

"ခရီးတွေ ဘာတွေ ထွက်နေလို့လားရှင်"

မျက်စိမျက်နှာ ပျက်နေသည့် အမျိုးသမီးက ကြိုးစားပမ်းစား အသက်ရှူပြီး သူမမေးတာကို ပြန်ဖြေသည်။

"မဟုတ် ... မဟုတ်ဘူး ... အခုအသုဘက သခင်ကြီးရဲ့အသုဘ"

"ရှင်"

ဘယ်လိုမှ မထင်ထားသည့် စကားကြောင့် ဘယ်ဘက်ရင်ဘတ်မှ နာကျင်သည့် ဝေဒနာကို ခံစားလိုက်ရပြီး ရွှေရည်လူးက ဒူးညွှတ်ကျသွားသည်။

အဲဒီနောက် သူမ၏ အသိစိတ်များက ခေတ္တခဏ အမှောင်ကျ သွားတော့၏။

***